စိတ်ကူးသစ်စာပေ

# ထပ်ဆင့်အကယ်ဒမီစိန်မှတ္တား



တပေဟာဆရာရွှေဘိုစိန် နှင့်

## မြန်မာ့ဆိုင်းပညာလောကဆောင်းပါးများ

DESIGN : HANNTAUNG

# ထပ်ဆင့်အကယ်ဒမီ ဂီတစာဆို စိန်မွတ္တား၏
# ကိုယ်ရေးရာဇဝင်

အဖဦးဘသောင်း(ဩဘာသောင်း) ဆိုင်းဆရာ+အမိဒေါ်သောင်းကြည်တို့ မှ ၁၃၁၄ ခု၊ ဝါခေါင်လန်း (၂)ရက်နေ့ ၁၉၅၂ ခု၊ ဇူလိုင်(၂၃)ရက်နေ့ မန္တလေးမြို့၊ ဒီဘိုဝင်း ရပ်ကွက်တွင် မွေးဖွားသည့် ဗုဒ္ဓဟူးသား။ ငယ်မည် မှာ ဇာတာ၊ အမည် မောင်လှခင်၊ ငယ်စဉ်က,ဝလို့ မွတ္တားလို့ ခေါ်ခဲ့ကြသည် ။ မန္တလေး မဟာသကျသီဟဘုရား ဦးလှဝင်းကျောင်းတွင် သူငယ်တန်းနေပြီး၊ ဒေးဝန်းရပ် အကောက်ဝန်မင်းဘုန်းကြီးကျောင်းတွင် စာသင်ခဲ့ပါသည် ။ အတန်းပညာ (၂)တန်းအဆင့်သာ ရှိပါသည် ။

(၁၀)နှစ်သားအရွယ် ၁၉၆၂ ခု၊ ပန်တျာကျောင်းတွင် စတိုင်ပင်မဲ့ အပျော် ကျောင်းသားအဖြစ် (၂)နှစ်နေခဲ့ရာ အတန်းပေါင်းစုံ ပျော်သလိုနေခဲ့သည် ။ (၁) မင်းသား သင်တန်း၊ (၂) စန္ဒရား၊ ပတ္တလား၊ (၃) စောင်းသင်တန်း၊ (၄) ပန်းချီသင်တန်းများ တွင် ဖြစ်သည် ။ ပါရမီပါသော ကလေးဖြစ်သောကြောင့် ပန်တျာဆရာတွေမှ ထောက်ခံ အားပေးမှုဖြင့် (၄)တန်းအောင်လက်မှတ်အငှားဖြင့် တရားဝင်ကျောင်းသားအဖြစ် ဆိုင်းပညာသင်တန်းတက်ခဲ့ပါသည် ။ ဆရာများမှာ တိုင်းချစ်စိန်၊ ဦးစိန်မောင်လွင်၊ ဦးစိန်သီလ တို့ ဖြစ်ပါသည် ။ ဆိုင်းကျောင်းသားဘဝတွင် ထူးချွန်ကျောင်းသားအဖြစ် ရွေးချယ်ခံရပါသည် ။ ၁၉၆၇ ခုနှစ်တွင် ကျောင်းဆင်း၍ ရန်ကုန်ဝင်းမေတ္တာဇာတ်၊ မန္တလေး ငါးမည်ရတင်သိန်းဇာတ်တွင်

ဆိုင်းဆရာအဖြစ် တီးခဲ့ပါသည် ။ တစ်နှစ်အတွင်း (၂)ဇာတ် ပြောင်းတီးခဲ့ပါသည် ။

၁၉၆၉ ခုနှစ်တွင် ဗလာဆိုင်းဆရာအဖြစ် ကိုယ်ပိုင်တည်ထောင်ခဲ့ရာ ယနေ့အချိန်ထိ ဖြစ်ပါသည် ။ ငယ်စဉ်က လွတ်လပ်ရေးနေ့ ဂီတပြိုင်ပွဲ ဆုတံဆိပ်များ၊ ထူးချွန်ကျောင်းသား ဂုဏ်ပြုတံဆိပ်များ ရရှိခဲ့ပါသည် ။ ရန်ကုန် ဦးစိန်ဗိုလ်တင့် မန္တလေး စောင်းဦးမြင့်မောင် (အင်းလေး)တို့ ထံ ဆက်လက်၍ ပညာသင်ယူခဲ့ပါသည် ။ သီချင်းရေးဝါသနာပါ၍ ကဗျာပါရဂူ ဆရာကြူ၊ လူရွှင်တော်ကြီးဦးပေါက်စ၊ ဘဒွေးကြီးစိန်တင်ဟန်၊ ဦးစိန်ဗိုလ်တင့်တို့ ထံ သင်ကြားခဲ့ပါသည် ။ ခေတ်ပေါ်တီးဝိုင်းများ တွင် လည်း သီချင်းများ ရေးခဲ့ပါသည် ။

၁၉၉၃ ခုနှစ်တွင် ပထမအကြိမ် ဆိုကရေးတီးပြိုင်ပွဲတွင် အရေးပညာရှင်အဆင့်တွင် ရွှေတံဆိပ်ဦးစွာ ရရှိခဲ့ပါသည် ။ ၁၉၉၅ ခုနှစ်တွင် တတိယအကြိမ် ဆိုကရေးတီးတွင် သာသနာရေးဝန်ကြီးဌာနနှင့် ဆိုကရေးတီးကော်မတီမှ ဓမ္မတေးဖိတ်ခေါ်ပြိုင်ပွဲတွင် ရွှေတံဆိပ် ထပ်မံရရှိခဲ့ပါသည် ။ ပြည်ပခရီးစဉ်များမှာ ပြင်သစ်၊ ဆွစ်ဇလန်၊ မော်ရိုကို၊ ထိုင်ဝမ်၊ ဟောင်ကောင်၊ ယိုးဒယား၊ အိန္ဒိယ၊ စင်ကာပူနိုင်ငံများ သို့ သွားရောက်ခဲ့ပါသည် ။

၂၀၀၄ ခုနှစ် (ပန်းဒဏ္ဍာရီ) ရုပ်ရှင်ကားကြီးတွင် ဦးစွာ ဂီတမှူးအဖြစ် တီးခတ်ခဲ့ရာ ဂီတအကယ်ဒမီဆု ရရှိခဲ့သည် ။

၂၀၀၇ ခုနှစ်၊ ဒုတိယကားအနေဖြင့် (ကိုးဆယ်ဆသာလိမ့်မယ်)ဇာတ်ကားကို တာဝန်ယူတီးခတ်ခဲ့ရာ ဒုတိယအကြိမ် တေးဂီတအကယ်ဒမီဆု ရရှိခဲ့ပါသည် ။ မြန်မာနိုင်ငံ သဘင်ပညာရှင်များ အစည်းအရုံးတွင် ဗဟိုကော်မတီအဖြစ်လည်းကောင်း၊ ဒုတိယဥက္ကဋ္ဌ အဖြစ်လည်းကောင်း တာ

ဂန်ထမ်းဆောင်ခဲ့ပါသည် ။ ယနေ့အချိန်ထိ အမျိုးသား ယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး)တွင် ပညာရေးအဖွဲ့ဝင်တစ်ဦးဖြစ်ပါသည် ။

အသက်(၂၄)နှစ်တွင် နန္ဒာရွာတွင် မတင်လှနှင့် အိမ်ထောင်ကျခဲ့ရာ သား(၃)ယောက်၊ သမီး(၁)ယောက် မွေးဖွားခဲ့ပြီး မြေး(၆)ယောက်တို့ ဖြင့် မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ အကွက်(၃ဂ၆)ပြည်ကြီးပျော်ဘွယ်အနောက်တွင် နေထိုင်ပြီး အနုပညာလုပ်ငန်းများ ဖြင့် ပျော်ရွှင်အေးချမ်းစွာ နေထိုင်လျက်ရှိပါသည် ။

**အကွက်(၃၀၆)၊ ဒေးဝန်း၊ ပြည်ကြီးပျော်ဘွယ်အနောက်၊**
**ချမ်းအေးသာစံမြို့နယ်၊ မန္တလေး။**
**ဖုန်း-၀၂၃၀၁၇၅**
**၀၉ ၂၀၀၀၅၂၇၊ ၀၉ ၇၇၇၂၂၂၅၂၇**



မောင်မယ်အတူ ဒါနအလှူပြုခဲ့ကြစဉ်က

# ယဉ်အောင်၊ ယဉ်မောင်အကြောင်း

ကျွန်တော့်နာမည်က မောင်ယဉ်အောင်၊ သူ့နာမည်က မောင်ယဉ်မောင်နှစ်ယောက် စလုံးက ဗုဒ္ဓဟူးသား၊ နောက် ပန်တျာကျောင်းသားတွေ၊ တစ်ခါတလေ မြို့တော်ဇာတ်ရုံကို လာတာတွေ့ရတယ်။ သာမန်ခင်မင်တာပါပဲ။ နောက် သူ့သတင်းတွေ၊ သူ့တိတ်ခွေတွေ ဇာတ်ရောက်လေရာ မြို့တိုင်းနယ်တိုင်း ကြားရတယ်။ ဆိုင်းလောက တေးရေးလောကမှာ ထူးချွန်သူတစ်ယောက်အနေနဲ့ တော့ သိရပါတယ်။ ဒါနဲ့ မြို့တော်မှာ (လက်ညှိုးပန်းကုံးရှင်) ဘဲလေးဇာတ်လမ်းအတွက် တီးလုံးတွေ ဖန်တီးပေးဖို့ သူ့ကို အကူအညီတောင်းတော့ သူ့ရဲ့ အရည်အချင်းကိုကောင်းစွာသိလိုက်ရပြီး လူချင်းလည်း ညီအစ်ကိုအရင်း မိသားစုလို ဖြစ်သွားတယ်။ ကျွန်တော့်ထက် အသက်က ငယ်ပါတယ်။

နောက် ကျွန်တော့်ဇာတ်ညွှန်း(ပန်းဒဏ္ဍာရီ) ရုပ်ရှင်ဇာတ်ကားကို ကျွန်တော်တို့ အားလုံး သူ့ကို ယုံကြည်စွာနဲ့ ပဲ ဂီတမှူးအဖြစ် အပ်ခဲ့တယ်။ အဲဒီမှာ သူအကယ်ဒမီရခဲ့တယ်။ နောက်ကျွန်တော်ကိုယ်တိုင်ရိုက်ခဲ့တဲ့ (ကိုးဆယ်ဆသာလိမ့်မယ်) ရုပ်ရှင်ကားကြီးကိုလည်း သူ့ကိုပဲ အပ်ခဲ့တယ်။ သူရော၊ ကျွန်တော်ပါ အကယ်ဒမီရခဲ့တယ်။ မန္တလေးမြို့ မြို့တည် နန်းတည် အနှစ်(၁၅၀)ပွဲကြီးလည်း နှစ်ယောက်တာဝန်ယူခဲ့တယ်။ ဒီတင်စာပေမှာ လည်း နှံ့စပ်သူတစ်ဦးလို သိရပြန်တယ်။

နောက် ယဉ်ကျေးမှုဝန်ကြီးဌာနမှာ ဘုရင့်နောင်ကဇာတ်ကို တွဲလုပ်ခဲ့ရာ ဂီတပိုင်းမှာ အားရကျေနပ်မှု အပြည့်ရခဲ့တယ်။ ဆိုကရေတီး ပြဇာတ်များ တွင် လည်း အတူတွဲတာဝန်ယူခဲ့ တယ်။ နောက်မန္တလေးတိုင်း

ဒေသကြီးအစိုးရရဲ့ တာဝန်ပေးချက်အရ နှစ်ပတ်တစ်ကြိမ် အမျိုးသားဇာတ်ရုံ ဖျော်ဖြေရေးကို နှစ်ဦးသားဦးဆောင်တင်ဆက်ခဲ့ရာ တစ်ပတ်နဲ့ တစ်ပတ် မထပ်ရအောင် တင်ဆက်ရတာမို့ အလုပ်တွေ များများ လုပ်မှ ဝမ်းစာအတော်ပြည့်ဝတဲ့ ပညာရှင်ပဲလို့ သတ်မှတ်ပါတယ်။ မြို့ရွှေမန်းသားလေးဖိုးချစ်ကတဲ့ ကျွန်တော်ရဲ့ (ငါသည် အောင်ဆန်း)ပြဇာတ်မှာ သို့ကအကူအညီတွေ အများကြီးရခဲ့တယ်။ (မိုင်းမောဇကေရီ ပါရမီရှင် စောမွန်လှ)ဇာတ်ကားကြီး (နောင်တွင် ဥဒါန်းတွင် စေသတည်း) ရုပ်ရှင်ကားကြီး များကိုလည်း သူ့ကိုအပ်ထားပါတယ်။ အခု သူ့ရဲ့ ဆောင်းပါးပေါင်းချုပ်စာအုပ်ထွက်မယ်ဆို တော့ ဝမ်းသာအားရ အထူးသဖြင့် သဘာင်၊ ဂီတ၊ အနုပညာရှင်များ ဆောင်ထားရမည့်စာအုပ် လို့ ပြောချင်ပါတယ်။

အကယ်ဒမီမြို့တော်မောင်ယဉ်အောင်

## မည်သူဦးရွှေနန်တင်ရဲ့ (မုဒိတာ)စာတမ်း

ထပ်ဆင့်အကယ်ဒမီ ဂီတစာဆို စိန်မွတ္တာအားကို (၁၄)နှစ်သားအရွယ်၊ ပန်တျာ ကျောင်းသားဘဝမှာ မိမိစိတ်ဝင်စားခဲ့ပါတယ်။ ၁၉၆၆ ခုနှစ်ဆီက မြန်မာ့အသံ ဦးသန်းမြင့် တို့ က ဂီတာ ကိုတင်အုံးတို့ မန္တလေးရုပ်ရှင်စတူရီယို နှင်းဆီခြံရုပ်တွင် မန္တလေးဆိုင်းပညာရှင် များ ရဲ့ ညှော့်ခံဆိုင်းအသံသွင်းကြစဉ် ထူးထူးခြားခြား (၁၄)နှစ်သား၊ ပန်တျာမှ ထူးချွန်ကျောင်းသား မောင်မွတ္တာအားက ဆိုင်းဆရာများ ၏ အလွန်ခက်ခဲသော (ရွှေ၊ နှင်း၊ တော၊ မြိုင်၊ ပန်း၊ ခိုင်၊ မော်၊ မှိုင်း)ဆိုတဲ့ ယိုးဒယား (၈)ပုဒ်ထဲက တောတောင်စွယ် အသံသွင်းမယ်လို့ ဦးသန်းမြင့်ကပြောလို့ စိတ်ဝင်စားလို့ သွားနားထောင်မိပါတယ်။

ဆိုင်းထဲတွင် ပတ်စာကပ်နေသော မောင်မွတ္တာအားတွေ့ရတော့ ပိန်ကပ်ကပ်အရုပ်ပုပု အသားမည်းမည်း အရုပ်ဆိုးဆိုး သူ့ကို စတင်မြင်ဖူးပါတယ်။ အသံသွင်းတော့လည်း အသေအချာ နားထောင်ပါတယ်။ လက်ကျလက်န စီးချိန် ယိုးဒယားလက်ကွက် အဖွဲ့အနွဲ့ သီချင်းအပေါ် နိုင်နင်းပုံနားဆင်လိုက်တော့ ဦးသန်းမြင့်၊ ကိုတင်အုန်းတို့ က ဒီမယ် ကိုနန်းတင်ခင်ဗျားတို့ မန္တလေးရဲ့ အနာဂတ်မှာ ထွက်ပေါ်လာမယ့် ဂီတသူရဲကောင်းတစ်ယောက်ပဲလို့ ချီးကျူးကြတယ်။ နောက် သမီးကြီး နန်းခင်အေး၊ သား မောင်နန်းဝင်း၊ သမီးငယ် နန်းခင်မွှေးတို့ နဲ့ ကလည်း မောင်နှစ်မလို ရင်းနှီးပြီး အနုပညာလုပ်ငန်းတွေ တွဲလုပ် နေကြတော့ သူ့ရဲ့ ကောင်း

သတင်းတွေ ဝမ်းသာစွာ ကြားသိရတယ်။ သူရေးတီးတဲ့ ခွေတွေ လည်း နားထောင်ကြည့်မိရာ စာပေလိုက်စားကြောင်း သိရပြန်တယ်။

နောက် ဗဟိုကော်မတီဝင်ဖြစ်လာတော့ သဘင်အစည်းအရုံးတာဝန် ပေးလို့ (လေ့ထိုးသားမှ စကားတောင်းစား) (မြန်မာ့ဇာတိမာန်) ရုပ်သံ ဇာတ်လမ်းရေးပြီး သူကိုယ်တိုင် တေးရေးဂီတမှူး ဒါရိုက်တာလုပ်တော့ သူ့ပညာအရည်အချင်းကို ထောက်ဆမိပါတယ်။ ဆိုကရေးတီးမှာ လည်း ပညာရှင်အဆင့် တေးရေးရွှေတံဆိပ်(၂)ဆု မန္တလေးတိုင်းအတွက် ဇာတ်တော်၊ ပြဇာတ်ပြိုင်ပွဲတွေမှာ ခေါင်းဆောင်ပြီးလိုရာကဏ္ဍဖြည့် ဆည်း ပေးတယ်။ အိုးစည်းဒိုးပတ် ဆိုင်းဘာသာရပ်တွင် လည်း တိုင်းအတွက် တာဝန်ခံ၊ ဆိုင်းဘာသာရပ် ဗဟိုဒိုင်၊ နောက် ဆိုင်းလောကရဲ့ သမိုင်းမှာ တွင် ကျန်ရစ်မယ့် ရုပ်ရှင်တေးဂီတ အကယ်ဒမီ(၂)ဆုကိုလည်း ဦးစွာ ယူ ခဲ့တယ်။ ဒါကြောင့် မောင်မွတ္တား ထပ်ဆင့်အကယ်ဒမီ ဂီတစာဆို စိန်မွ တ္တားလို့ လွှန်ခဲ့တဲ့ အနှစ်(၄၀)ကျော်က ကြိုတင် ဟောကိန်းထုတ်ခဲ့သလို ယနေ့စာဆိုရှင် (မြန်မာ့ဂီတသူရဲကောင်း) ဖြစ်နေပါပြီ။

စည်သူဦးရွှေမန်းတင်



ဂန္တဝင်တေးသံရှင်ကြီး ဦးမင်းအောင်၊ ကျွန်တော်၊ တေးသံရှင်စိမ်းလဲ့လဲ့



တေးသံရှင်ရီရီသန့်၊ ကျွန်တော်၊ တေးသံရှင်စိုးမျှော်ကွန်း



ဦးပဥ္ဇင်းဦးကျော်ပါဒိန်နှင့် ကျွန်တော်



ဆွစ်ဇာလန်နိုင်ငံ၊ ဂျနီဗာမြို့သို့ သွားရောက်ဖျော်ဖြေစဉ်က



ကျွန်တော်ရယ်၊ ဒါရိုက်တာအီမျှပွားရယ် ရုပ်ရှင်ကိစ္စတိုင်ပင်နေစဉ်



ကျွန်တော်ရယ်၊ ဇော်ဝင်းထွဋ်ရယ်၊ မြန်မာ့ဂီတရယ်



(ကိုးဆယ်ထဲသာကလိန်မယ်) ရုပ်ရှင်ဇာတ်ကား အကယ်ဒမီဆုရရှင်

*****

## စပါးပင်မှ သီးတဲ့ ဆန်

"စပါးပင်မှ ဂျုံသီးခြင်း"ဟု ခေါင်းစီးတပ်ပြီး ကျွန်တော့်သားနှင့် လူငယ်လေးများ ဦးဆောင်သော (သဗ္ဗိုင်း)တီးဝိုင်းကို မိတ်ဆွေတစ်ဦးမှ သတင်းစာတွင် ကြော်ငြာထည့်သွင်း ပေးခဲ့တယ်။ သဘောကတော့ မြန်မာဆိုင်းဆရာတစ်ဦးရဲ့ သားက ခေတ်ပေါ်ဂီတသမားဖြစ်တာကို ဆိုလိုတာပါ။

သိပ်မကျေနပ်လှတာမဟုတ်။ တားမရလို့ လွှတ်ထားတာ။ ဘာဖြစ်လို့ လဲဆိုတော့ ဒီသားက ယခင်က စောင်းသမား။ ပထမအကြိမ်နှင့် ဒုတိယအကြိမ် ဆိုကရေးတီးပြိုင်ပွဲမှာ အခြေခံအဆင့် ကနေ ငွေတံဆိပ်နှစ်ကြိမ်တောင် ယူထားတာ။ စက်မှုတက္ကသိုလ်ရောက်တော့ ဂစ်တာစတီးပြီး။ သူ့ရဲ့ ပါရမီခေါ်ရမလား။ ခေတ်ပေါ်ဂီတကပဲ လွယ်ကူလို့ လား မသိဘူး။ (၃)နှစ်လောက်နဲ့ ဆရာကြီးဖြစ်ပြီ။ နုတ်စ်တွေလည်း ထုတ်နိုင်ပြီ။ ဂစ်တာသင်တန်းမှာ လည်း လက်ထောက်နည်းပြဝိုင်းပေါ်မှာ လည်း ဂီတမှူး၊ မြန်လှချည်လား။

စောင်းကို ယောင်လို့ တောင် ကိုင်မကြည့်တော့ဘူး။ နေပလေ့စေဦး။ ဒါပေမဲ့ သားအဖ နှစ်ယောက် မသိမသာ ဂီတတိုက်ပွဲလေးတွေ ဖြစ်,ဖြစ်နေတယ်။ သူ့ရဲ့ လက်သုံးစကားကတော့ ....

"အဖေ ... လိုင်းပြောင်းတော့"တဲ့ ။

"အဖေတို့ မြန်မာသီချင်းကြီးတွေက ဒီအသံတွေနဲ့ ဒီအသွားတွေပဲ။ ဘာတွေခံစားပြီး ဘာတွေ နားထောင်နေကြတာလဲ"တဲ့ ။

ကျွန်တော်ခွင်ထဲဝင်ပြီ။ ကျွန်တော်စောင့်ခဲ့ရတဲ့ အချိန်ကိုရောက်ပြီ။

"အေး .. အဖေတို့ ဂီတနဲ့ ပတ်သက်လို့ တော့ အဖေ ကျေနပ်လောက်အောင် ရှင်းပြမယ်။ မင်းတို့ ခေတ်ပေါ်ဂီတနဲ့ နှိုင်းယှဉ်တဲ့ အခါမှာ အဖေ့အယူအဆမှားရင်မှားမယ် မှန်ရင်ထောက်ခံ။ မင်းပြောတဲ့ အသံနဲ့ အသွားဆိုတာကို အဖေကအသံပိုင်းကို အရင်ရှင်းပြမယ်။ အသံဆိုတာ ဂီတရဲ့ ဒြပ် ပစ္စည်းတစ်ခုမို့ တူရိယာအပိုင်းနဲ့ ဆိုင်တယ်။ အဖေတို့ တူရိယာတွေဟာ ပတ္တလားကလည်း ပတ္တလား အသံပဲ ထွက်မှာ ပဲ။ စောင်းကလည်း စောင်းသံပဲထွက်မှာ ပဲ။ ထို့အတူ ကြေး၊ မောင်း၊ နှဲ၊ ပတ်ဝိုင်း အကုန်ပေ့ါကွာ။ သူ့အသံနဲ့ သူ ဘာမှ ပြောင်းလဲလို့ မရဘူး။ သို့သော် လက်ကျဆိုတာရှိတယ်။ လက်ကွက်စိပ်တာကို ပြော မဟုတ်ဘူး နော်။ ပညာအနုအရင့်နဲ့ လည်း မဆိုင်ဘူး။ ပါရမီလက်ခေါ် တာပေ့ါကွာ။ တို့ အခေါ်တော့ ဘုရားပေးတဲ့ လက်ပေ့ါ။ ဒီလက်ကျရဲ့ အတိမ်အနက်ကို ပညာနားနဲ့ နားထောင်မှ သတိတယ်။ ဥပမာ-အဖေတို့ ပန်းချီကျောင်းသား ဘဝတုန်းက ဆိုင်းသင်တန်းမှာ ပုံလေးတွေကို ဘယ်လိုမှ မြည်အောင်၊ လှအောင်မတီးနိုင်တဲ့ လက်ပိုင်ရှင် ကျောင်းသားတွေဟာ စန္ဒရားသင်တန်းကို ပြောင်းရတယ်။ အမယ် ... စန္ဒရားသင်တန်းကျတော့ ထူးချွန်ကျောင်းသားတွေ တောင်ဖြစ်လို့ ။

တေးသွားတွေကို ရှင်းကြစို့။ မြန်မာ့ဂီတ သီချင်းကြီးတွေဟာ မယ်လိုဒီပေ့ါကွာ။ ဒီတေးသွား တစ်ခုတည်းအပေါ် သီဆိုတီးမှုတ်ကြတာ မှန်ပေမဲ့ ပညာရင့်ရင် ရင့်သလို လှည့်ပတ်သီဆိုနိုင်မှု (အတ္တာလင်္ကာရ)ဖွဲ့နွဲ့တီးမှုတ်နိုင်မှု (သဒ္ဒါလင်္ကာရ)ဒီအပေါ်မှာ အကဲဖြတ်ကြတယ်။ ချုပ်လိုက်

ရင် မြန်မာမှုဂီတဟာ အနေအထိုင်တတ်မှုဆိုတဲ့ ဣန္ဒြေ သိက္ခာ အင်မတန်ကြီးမားတယ်။ တိုင်းတစ်ပါး အသံတွေ တို့ ဆီရောက်လာတာကတော့ ဘာသာခြား ဘုရားရှိခိုးသံများက စတာပါပဲ။"

၁၇၉၀ ခုနှစ်က အီတလီနိုင်ငံသား ခရစ္စတိုဖိုရီ တီထွင်ခဲ့တဲ့ စန္ဒရားဟာ ၁၈၇၂ ခုနှစ် မင်းတုန်း မင်းတရားလက်ထပ်မှ အီတာလျံသံအမတ်က ဆက်သလို့ တို့ ဆီကု စရောက်တယ်။ အခု မင်းတို့ တီး နေတဲ့ ဂစ်တာဆိုရင် ၁၉၅၀ နောက်ပိုင်းမှာ တို့ ဆီကိုရောက်ပြီ။ အခုဆို ခလုတ်တစ်ခု နှိပ်လိုက်ရင် အသံအမျိုးမျိုးပြောင်းတဲ့ ဆင်သီဆိုက်ဇာပစ္စည်းဆိုပါတော့ကွာ။ အေး .. အသံတော့စုံမယ်။ လက်ကျ ဆိုတာတော့ မရှိနိုင်ဘူး။ ကလေးတီးလည်း ဒီအသံပဲ။ အရာဝတ္ထုတစ်ခုနဲ့ ထိခိုက်မိလို့ လည်း ဒီအသံ ပဲ။ အဲဒီပစ္စည်းတွေထဲမှာ အသံကတော့ စုံသလားမမေးနဲ့ ။ ပတ္တလား ၊ ကြေး၊ မောင်း၊ နှဲ၊ စောင်း ... အို... အစုံရတယ်ကွာ။ ခွဲခြားမရအောင်လည်း တူတယ်ကွာ။ ဒါပေမဲ့ သန္ဓေလို့ ခေါ်တဲ့ စစ်မှန်တဲ့ တူရိယာအထာတွေ မရနိုင်ဘူး။ တို့ နားထဲမှာ တော့ နောက်ပြောင်နေတဲ့ အသံတွေ ထွက်နေတာပဲ။ တေးသွားအပိုင်းမှာ လည်း ဒီလိုပဲ။ သူတို့ က အုံနဲ့ ကျင်းနဲ့ ဒုနဲ့ ဒယ်နဲ့ ဖွဲ့စည်းတယ်။ ဟာမိုနီပေ့ါ။ ဒါကို နာမည်ကျော် အင်္ဂလိပ်စာရေးဆရာ အတွေးအခေါ်ဆရာ (ကိုလင်ဝီလ်ဆင်)က သူတို့ ဂီတကို ဒီလိုဝေဖန်ထားတယ်။

"ဘီသိုဘင်ရဲ့ ဂီတများ သည် မကြာခဏ ထမြည်းနေသည့် ထုရိုက်သံကြီးများ ဖြစ်သည် ။ ကျွန်တော်ကြည့်ဖူးသော ပြဇာတ်သရုပ်ဆောင်တစ်ဦးဆိုလျှင် စကားပြောသလို အော်ပြောရမှ ပရိသတ်နားလည်မည်ဟု ခံယူထားသလား ထင်မှတ်မိသည် "တဲ့ ။ ဒါသူတို့ အချင်းချင်း ဝေဖန်ထားတာနော်

"ဒါဖြင့် အဖေရော... ခေတ်ပေါ်ဂီတမှာ (ခရိမက်တစ်)လို့ ခေါ်တဲ့ (၁၂)သံစဉ်ရှိတော့ ပြည့်စုံတယ်။ မြန်မာအသံက (၇)သံတည်းဆိုတော့ ပြည့်စုံတယ်လို့ ဆိုနိုင်ပါမလား"

"(၁၂)သံဆိုတဲ့ (ခရိမက်တစ်)စကေးကို ဂရိပညာရှင် (ပိုင်သာဂိုရပ်စ်)က သင်္ချာနည်းနဲ့ ခွဲဝေသတ်မှတ်ခဲ့တယ်။ သူတို့ ဘာသာစကားနဲ့ တော့ ကိုက်ညီပေမပေ့ါ။ အဆိုဆရာ ပန်တျာ ဘဘထူးက ပြောဖူးတယ်။ စန္ဒရားနဲ့ သီချင်းကြီးဆိုရတာ စာလုံးတွေ ပီပြင်တယ်လို့ မထင်ဘူးတဲ့ ။ တို့မြန်မာ့ဂီတအသံကတော့ တျာ-တေ-တျော ဆိုတဲ့ အသံကြီး သုံးသံကနေ မိတ်သံဖွဲ့ပြီး (၇)သံ ဖြစ်ပေါ်လာတာပဲ။ ကျမ်းဂျန်အလိုအရကတော့ မဇ္ဈိမ၊ ဒူရက၊ ဥဿဘ၊ ပဥ္စမ၊ ဆဇ္ဇ၊ ဓေဝတ၊ နိသာရလို့ ဆိုတယ်။ အခြေအမြစ်နဲ့ လာတာဖြစ်တယ်။ တရုတ်ဆိုလျှင် (၅)သံတည်းရှိတယ်။ ယနေ့ အချိန်ထိ သူတို့ ရိုးရာ (၅)သံကို ထိန်းသိမ်းတုန်းပဲ"

"သူတို့ ဂီတမှာ နုတ်စ်(သင်္ကေတ)ရှိတယ်။ ကျွန်တော်တို့ ဂီတမှာ သင်္ကေတရှိသလား"

အင်း .. ကျွန်တော်တို့ ဂီတတွေဘာတွေပြောလို့ လေသံနည်းနည်းပျော့ လာပြီ။ ကိုယ့်ဘက် ယိမ်း လာပြီ။ ဒီအချိန် နည်းနည်းဖိအားပေးပြောမှ ...

"နုတ်စ်ဆိုတာ အမှတ်အသားပါပဲကွာ။ သူတို့ က မျက်စိနဲ့ မှတ်။ တို့ က နားနဲ့ မှတ်တယ်။ တစ်နည်း သူတို့ က စာရွက်ပေါ်တင်တယ်။ တို့ က ပါးစပ်နဲ့ မြည်တယ်။ သူတို့ ရဲ့ နုတ်စ်က (၁၆)ရာစုမှာ ပုံနှိပ်စက်တွေ ပေါ်ပေါက်လာတာနဲ့ အတူ သံစုံဂီတဆိုတာ မရှေးမနှောင်းပေါ်လာခဲ့တာကွ။ ဂရိခေတ် မှာ စတင်ပြီး ကြံစည်ခဲ့တဲ့ ဂီတကို သင်္ကေတလက္ခဏာတိုနဲ့ မှတ်သားရန် ကြိုးပမ်းအားထုတ်လာ ကြတာပါ။

ရောမခေတ်(ဘိုသီရပ်)အစရှိတဲ့ ပညာရှင်တွေ အဆင့်ဆင့် တီထွင်လာခဲ့ရာက ဒီနေ့အသုံးပြုနေတဲ့ ဂီတသင်္ကေတနုတ်စ် ဖြစ်လာတာပဲ။ အစောဆုံး ပုံနှိပ်ဂီတ၊ သံစုံဂီတဟာ (၁၅၇၇) ခုနှစ်မှာ ထွက်ပေါ်ခဲ့တယ်။ တို့ မြန်မာ့ဂီတနုတ်စ်ကို ဂန်ကြီးပဒေသရာဇာက စခဲ့တယ်။ ခေတ်အခါလည်း မတိမ်းမယိမ်းဘဲ။ မှတ်ထား အဖေ မြည်ပြမယ်။ တျာ-တေ-တျော-ထံကြီး-ထံလေး-ဒလူ-ဒျန့်-ဒွန်း- ထံနယ်-ဒွန့်နယ်-ဒါ ပါးစပ်နုတ်စ်တွေပဲ။ မြည်ပြလိုက်ရင် တစ်ဖက်လူက တီးနိုင်တယ်။ စာရွက်ပေါ်ချရေးရင်လည်း တီးနိုင်တယ်။ သီဆိုနိုင်တယ်"

"ကမ္ဘာဂီတမှာ စာသားမပါဘဲ တီးလုံးချည်းသက်သက် တီးပြတယ်။ နားဆင်တဲ့ သူတွေက ဒါက စမ်းရေစီးသံ၊ ဒါက မိုးခြိမ်းသံ၊ ဒါက လေတိုက်သံ။ ဒါက သတ္တဝါအော်သံ အားလုံးသိရအောင် ဂီတသံတွေက ဖော်ပြနိုင်တယ်။ ပုံရိပ်ဂီတလို့ ခေါ်မှာ ပေ့ါနော် အဖေ"

"တို့ မှာ လည်း ရှိပါတယ်ကွာ။ တို့ အခေါ်တော့ နိမိတ်ပြတီးလုံးလို့ ခေါ်တယ်။ သူတို့ ဆီက ဘီသိုဘင်ရဲ့ (ငွေလရောင်)တေးဆိုပါတော့ကွာ။ ဘာစာသားတစ်လုံးမှ မပါဘူး။ အတီးချည်း သက်သက် ပုံရိပ်ဖော်ထားတာပဲ။

ဒီစာသားမဲ့တေးသွားကို ခေါင်းစဉ်တပ်ပေးလိုက်ရင်တော့ သောတရှင်တွေက အတွေး စိတ်ကူးတွေ ဖြန့်ကျက်ပြီး ပုံရိပ်ဖမ်းကာ နားအရသာခံကြတယ်။ ဒါပေမဲ့ နားဆင်သူအားလုံးဟာ ခံစားမှုပုံရိပ် မတူကြဘူး။ ထိုနည်းတူ ဘာ(စ်)တို့ ၊ ဟင်ဒယ်တို့ ၊ မိုးဇက်တို့ ပညာရှင်တွေရဲ့ ဂီတဟာ လည်း ထိုနည်းတူပါပဲ။ တို့ ရဲ့ နမိတ်ပြတီးလုံးကတော့ ခံစားမှုအားလုံး တူညီကြတယ်။ ဥပမာကွာ- ဗိန်းမောင်း၊ နောင်ချိန်ဆိုင်း တီးလိုက်မယ်၊ ပွဲကြမ်းတော့မယ်။ ဇာတ်ကြမ်းလာတော့မယ်၊ အားလုံးမမြင်ရ

ဘဲနဲ့ သိကြတယ်။ ကရောင်းတီးရင် ဘီလူးကြီး မျက်စိထဲ မြင်လာတတ်မယ်။ နတ်ဆိုင်း၊ ငိုချင်းဆိုင်း၊ မျောက်ဆိုင်းတီးချင်တဲ့ နိမိတ်ပြတီးလုံးကောက်တီးနားဆင်တဲ့ လူအားလုံး ခံစားမှုပုံရိပ် တူညီကြပါတယ်။ ဒါတို့ ဂီတရဲ့ စာသားမဲ့ပုံရိမ်တီးလုံးတွေပဲ။ ကဲ .. မင်းဘာသိချင်သေး သလဲ ။ တို့ မြန်မာဂီတဟာ ကမ္ဘာနဲ့ ယှဉ်ကြည့် ဘယ်နေရာမှ နောက်မကျဘူး.. .. မှတ်ထား။

၁၆၈၅၊ ၁၇၅၀ ခုနှစ် ဂျာမနီဂီတပညာရှင်ကြီး ဘာ(စ်)ဟာ (ဘုရားသခင်သည် ကျွန်ုပ်၏ အရှင်သခင်)အမည်ရှိတဲ့ တေးဘွဲ့ကြီး ရေးစပ်နေချိန်မှာ တို့ နိုင်ငံက ဝန်ကြီးပဒေသရာဇာဟာ (တံတျာတေရှင်) ပုဇင်းတောင်သံ ကြိုးရေးစပ်နေတယ်။ ၁၇၈၀ခုနှစ် ဂျာမနီ ဂီတပညာရှင် မိုးဇက် ဟာ (မော်ပလွေ)အမည်ရှိတဲ့ ဇာတ်ဝင် တေးဂီတရေးစပ်နေချိန်မှာ တို့ ဆီက လက်ဝဲသုန္ဒရအမတ်ကြီး ဦးမြတ်စံဟာ (မဲဇာတောင်ခြေ) ရတုကြီး ရေးစပ်နေတယ်။ ၁၈၀၀ ခုနှစ် ဂျာမနီဂီတပညာရှင် ဘီသိုဘင်ဟာ နပိုလီယံရဲ့ ဧကရာဇ်စစ်ချီပုံ(ရဲသွေးရဲမာန်) တေးသီချင်းရေးစပ်နေချိန်မှာ မြဝတီ မင်းကြီး ဦးစကလည်း (သာဆန်းရဂုံဘွေ)ပတ်ပျိုး ရေးစပ်နေတယ်"

ကျွန်တော် တိုက်တွန်းပြောနေချိန်မှာ ကျွန်တော့်သားမျက်နှာမှာ အံ့ဩမှု၊ လေးစားမှုတွေ ရစ်သန်းနေပါတော့တယ်။ ကျွန်တော်လည်း အရှိန်ရနေပြီဖြစ်၍ ......

"အခု မင်းတီးနေတဲ့ ဂစ်တာနဲ့ အဖေတီးနေတဲ့ သားရေပတ္တည်း နှိုင်းယှဉ်ကြစို့။ မင်းတို့ ဂစ်တာကြိုးညှိမယ်ကွာ။ အသံနည်းလည်တဲ့ ဂီတသမားတိုင်း ညှိလို့ ရပါတယ်။ အဖေ့ရဲ့ ဗုံးတစ်လုံး ကို ပတ်စာကပ်ကြည့်စမ်းပါ။ အသံကိုက်အောင်တော့ မင်းလည်း ကပ်တတ်မယ်။ ဂီတသမား

တိုင်း ကပ်တတ်မယ်ကွာ။ ဒါပေမဲ့ အသံလည်း ကိုက်ရမယ်၊ ဗုံသံလည်း လှအောင် ကပ်တတ်ဖို့ ကတော့ တခြားဂီတသမားတွေ မပြောနဲ့ အဖေတို့ ဆိုင်းဆရာအချင်းချင်းတောင်မှ အရည်အချင်း စကားပြော ပြီကွ။ ဒါမြန်မာ့ဂီတ အစရှိသေးတယ်။ ကျန်တာတွေ ပြောရရင် တတ်မှ နည်းလည်မယ်။ တီးတဲ့ အပေါ်မှာ လည်း မြင်ဖို့ ၊ ကြည့်ဖို့ ၊ ချီးဖို့ ၊ ပီဖို့ ဆိုတာတွေက သတ္တိ+ခွဲ+ပညာ+ပါရမီရှိမှ ဖြစ်မယ်။ အဖေတို့ ဂီတဟာ လျှပ်စစ်နဲ့ ကူတီးပေးတဲ့ ပစ္စည်း မဟုတ်ဘူး "

"ကျွန်တော် ... ကျွန်တော်တို့ မြန်မာ့ဂီတကို တကယ်ခက်ခဲတဲ့ ပညာရပ်မှန်း သိပါပြီ။ မြတ်မြတ်နိုးနိုးနဲ့ လည်း အဖေရဲ့ အမွေကို ဆက်ခံပါ့မယ်။ ကျွန်တော်တို့ အခြေခံမှ စသင်ပေးပါ"တဲ့ ။

ကျွန်တော် ဝမ်းသာမဆုံး ပီတိဖုံးမိပါတော့သည် ။ (စပါးပင်မှ သီးသော ဂျုံ) မဟုတ်တော့ဘဲ (စပါးပင်မှ သီးသော ဆန်)ဖြစ်လပြီ။ ။

**ထပ်ဆင့်အကယ်ဒမီ ဂီတစာဆို စိန်မွတ္တား**

*******